(၃) ပင်စည်ပုပ်/အမြစ်ပုပ်ရောဂါ (Stem rot/Root Rot)

ရောဂါဖြစ်စေသောသက်ရှိ - *Macrophomina phaseolina* (Tassi) Goid

**ရောဂါလက္ခဏာများ**

အပင်ငယ်စဉ်တွင် အပင် အောက်ခြေ မြေပြင်နှင့် ကပ်လျှက်ပင်စည်အပိုင်းတွင် ညိုမဲရောင် အနာ စင်း များ စတင်ဖြစ်ပေါ်သည်။ စိုစွတ်မှုများသော အခြေအနေတွင် ရောဂါသည် ကြီးမားကျယ် ပြန့်လာပြီး အပင်သေသည်အထိဖြစ်နိုင်သည်။

အပင်ကြီး၏ ပင်စည်ပေါ်တွင် ညိုမဲရောင်အနာချိုင့်ကွက်များဖြစ်ပေါ်သည်။ အနာကွက်များ သည် အထက်အောက်ကျယ်ပြန့်လာကာ တစ်ခုနှင့်တစ်ခုပေါင်းစပ်သွားပြီး ပင်စည်ကို တစ်ပတ် ပတ်မိသွား သည်။ ရောဂါရပင်စည်ပိုင်းနေရာတွင် လျှော်မျှင်များဖွာလန်ထွက်လာပြီး ပုပ်သွား သည်။ ရောဂါသည် အပင်ခြေရင်းမှတစ်ဆင့် အမြစ်အထိတိုက်ခိုက်ပြီး အပင်သေစေသည်။



**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသောမျိုးကိုသုံးပါ။
- ရောဂါကင်းသောစိုက်ခင်းမှ မျိုးစေ့သန့်သန့်ကို ရွေးချယ်စိုက်ပါ။
- ရောဂါဖြစ်စေသောမှိုသည် အပင်ငယ်စဉ်၌ပင် တိုက်ရိုက်တတ်သဖြင့် မျိုးစေ့ များကို မျိုးစေ့လူးနယ် မှိုသတ်ဆေးတစ်မျိုးမျိုးဖြင့်လူးနယ်စိုက်ပျိုးပါ။
- ရောဂါရပင်ကြွင်းပင်ကျန်များကိုမီးရှို့ဖျက်ဆီးပါ။
- Mancozeb (မန်ကိုဇက်)၊ Difenoconazole (ဒိုဖီနိုကိုနာဇိုး)၊ Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း)၊ စသောမှိုသတ်ဆေးများကို အပင်ငယ် စဉ်တွင် ပင်ခြေရင်း ရွှဲရွှဲဖျန်းပါ။ အပင်ကြီးတွင်ရောဂါကွက်စတင်တွေ့ရှိပါက တစ်ပင်လုံးနှံ့အောင်ဖျန်းပေးပါ။